*A journey into the rights of children.*

*the unheard voice of children*



ဘိုးလှိုင်

# ကလေးအခွင့်အရေး

# ကလေးအတွေး

ဒီခေတ်ကြီးမှာ -

-နိုင်ငံသား အခွင့်အရေးတဲ့

-လူ့အခွင့်အရေးတဲ့ -ကြီးကြီးမားမား တောင်းဆိုတာ၊ ပြောဆိုတာ နိုင်ငံတိုင်းမှာ ကြားနိုင်ပါတယ်။

-ဒီထဲက ထပ်ပြီးခွဲလိုက်တဲ့ အခါ -

အလုပ်သမား အခွင့်အရေးတဲ့

ကျောင်းသား အခွင့်အရေးတဲ့

တောင်သူလယ်သမား အခွင့်အရေးတဲ့ ၊ လူအုပ်စုမျိုးစုံရဲ့ အခွင့်အရေး တောင်းဆိုတာလည်း ရှိနေတယ်။

-လူတွေမှာ ဆိုင်ရာ ဆိုင်ရာ အခွင့်အရေးတွေ ရှိတယ်။ အခွင့်အရေးတွေ ရသင့်တယ်။

-လူ့အခွင့်အရေး မရှိလျှင်၊ လူတွေက တောင်းဆိုမယ်။ မရလျှင် ဆန္ဒပြမယ်။

အကြိမ်ကြိမ်ဆန္ဒပြလို့ မရတဲ့ အခါ ဆူပူကြမယ်။ အုံကြွမယ်။ ဒါ သဘာဝကျတယ်။

-ဟော … ကလေးအခွင့်အရေးတဲ့ ။

ကလေးတွေကတော့ ကလေးအခွင့်အရေး ပေးပါလို့ လူစုလူဝေးနှင့် ဆန္ဒပြ တောင်းဆိုတာ ဘယ်မှာ ရှိနိုင်မလဲ။

-ဒါပေမဲ့ ကလေးလည်း လူပဲ။ လူဖြစ်လို့ သူတို့ မှာ လူ့အခွင့်အရေး ရှိတဲ့ အပြင်၊ ကလေးဖြစ်လို့ ကလေးအခွင့်အရေး ရှိရမယ်။ ကလေးအခွင့်အရေးကို သတိပြုမိတဲ့ လူကြီးတွေရှိတယ်။ လူကြီး အတော်များများကတော့ အမှုမဲ့ အမှတ်မဲ့ပဲ။

-ကလေးတွေက သိပ်မပြောတတ်ပေမယ့် သူတို့ မှာ အခွင့်အရေးရှိတယ်၊ ရသင့်တယ်လို့ ပင်ကိုသိ၊ သိထားကြတယ်။ ကလေးတွေနှင့် စကားပြောတတ်သူတွေက သူတို့ ကို အဖက်လုပ် မေးမြန်းမှ "သူတို့ ဘာအခွင့်အရေးတွေ လိုချင်ကြသလဲ" သိနိုင်တယ်။

-ရသင့်တဲ့ အခွင့်အရေး မရလျှင် ကလေးတွေကလည်း လူကြီးတွေလိုပဲ ပြုမူမှာ ပဲ။ သူတို့လိုချင်တာ တောင်းမယ်၊ မရလျှင် ဆန္ဒပြမယ် ( စိတ်ကောက်မယ် )။ မပေးဘူးလား။ တစ်ဆင့်တက်မယ်။ ဆိုးသွမ်းပြမယ်။

-အာဏာရှင်ဆန်တဲ့ လူကြီးတွေနှင့် ကြီးပြင်းတဲ့ ကလေးများ ဟာ ကလေးဆိုး ဖြစ်တတ်တယ်။ ဖြစ်ဖို့ အခွင့်အလမ်း များ တယ်။ နည်းနည်းကြီးပြင်းတဲ့ အခါ လူဆိုးလူမိုက် ဖြစ်ရောပဲ။

-ဒါကြောင့် လူကြီးတွေ သတိထားဖို့ လိုတယ်။


ကလေးအခွင့်အရေးကို နားလည်ပေးရမယ်။

သူတို့ ရသင့်တာကို လိုက်လျောရမယ်။

မရသင့်တာကို နားလည်လာအောင် သင်ပြပေးရမယ်။

ကလေးက လက်မခံလျှင်၊ လူကြီးက ပြန်စဉ်းစားသင့်တယ်။ (သူလိုချင်တာ သဘာဝကျနေသလား၊ ဒို့အမြင်က ရှေးဆန်နေသလား၊ ပြန်

တွေးတန် တွေးရမယ်)



***

၂၀၁၃ ခုနှစ်ထဲမှာ မြန်မာနိုင်ငံ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး ကွန်ရက် ( NNER ) ကိုယ်စားပြုပြီး ဆရာကိုတာ ( ဒေါက်တာ သန့်လွင်မောင် )နှင့် ဒေါက်တာ သိန်းလွင်တို့ အီတလီနိုင်ငံကို ပညာရေး လေ့လာရန် သွားခဲ့ကြတယ်။ သူတို့ ပြန်လာတဲ့ အခါ ကိုတာယူလာတဲ့ " ကလေး အခွင့်အရေး ရှာပုံတော် " ( Ajourney into the rights of children ) စာအုပ်အပါးကလေးကို ကျွန်တော် ( ဘိုးလှိုင် ) ဖတ်ရပါတယ်။

စာအုပ်ပါးကလေးမှာ အင်္ဂလိပ်၊ အီတလီ နှစ်ဘာသာနှင့် တိုတိုရေးထားပြီး ဖတ်သူပျော်အောင် စာမျက်နှာ အလယ်မှာ ရုပ်ပုံကလေးတွေ ဖြည့်ထားတယ်။

ဒီစာအုပ်လေး ပြုစုတာ မူကြိုဆရာမ သုံးယောက်။ Marina Castaghetti, Laura Rubizzi, Vea Vecchi တို့ က အချက်အလက် စုဆောင်းရေးသားပြီး၊ ပညာရေး အတိုင်ပင်ခံ ပညာရှင် Loris Malagi ကလည်း ကြီးကြပ်ပါဝင်ပါတယ်။

"ကလေးများ ဘာအခွင့်အရေးတွေ ရရှိသင့်သလဲ" ကလေးများ ရှုမြင်ပုံသိဖို့ ဆရာမများက ကလေးတွေနှင့် စကားပြောတယ်။ မေးမြန်းပြီး မှတ်ထားတယ်။

ရရှိတဲ့ အဖြေတွေကို ကဏ္ဍအလိုက်ခွဲပြီး "ကလေးတွေးတဲ့ ကလေး အခွင့်အရေး"ကို စုပေါင်းဖော်ထုတ် ထားပါတယ်။

ပြည့်ပြည့်စုံစုံ နားလည်ဖို့ ဖော်ပြရန် နှစ်ချက်ရှိပါတယ်။

# ၁။ သူတို့ ကျောင်းအကြောင်း

ဆရာမတို့ ကျောင်း၊ ကလေးတို့ ကျောင်းနာမည်က "ဒိုင်ယာနာ" မြူနီစပယ် မူကြိုကျောင်းတဲ့ ။ အီတလီနိုင်ငံ Reggio Emilia ဒေသရဲ့ ရပ်ရွာစည်ပင်က ဖွင့်ထားတဲ့ ကျောင်းဖြစ်တယ်။ ပန်းခြံထဲက ကဖေးနှင့် ရပ်ရှင်ရုံ အဟောင်းကို မူကြိုကျောင်း ဖွင့်ထားတာ။ ကဖေးရဲ့ နာမည် ဒိုင်ယာနာကို ကျောင်းက ဆက်ခံ ထားတာဖြစ်တယ်။

Reggio Emilia မူကြိုကျောင်းများကို Loris Malaguzziက ဦးစီးပြီး ၁၉၇၀ ပြည့်နှစ်မှာ တည်ထောင်ပြီး စည်ပင်နှင့် အုပ်ချုပ်ရေးပိုင်းက ထောက်ပံ့ ကူညီပေးထားတယ်။

ဒိုင်ယာနာ မူကြိုကျောင်းမှာ ကျောင်းသား/သူ ၇၅ ယောက်ပဲ ရှိပါတယ်။ အသက် ၃ နှစ်၊ ၄ နှစ်၊ ၅ နှစ် အရွယ်လိုက်ပြီး အတန်းခွဲထားတယ်။

ဒိုင်ယာနာက သမားရိုးကျ မူကြိုကျောင်း မဟုတ်ဘူး ။ စနစ်သစ်၊ မူသစ်နှင့် တစ်မူထူးအောင် တည်ထောင်ထားတယ်။ ပုဂ္ဂလိက မဟုတ်ဘူး ။ အများ ပိုင်ပဲ။ ထူးခြားချက်ကတော့ Newsweek မဂ္ဂဇင်းက နိုင်ငံစုံ သမားမိ အဖွဲ့ဖွဲ့ပြီး ကမ္ဘာမှာ အကောင်းဆုံး မြူနီစပယ်ကျောင်း ရွေးခဲ့ရာမှ ၁၉၉၁ ခုနှစ်အတွက် ဒိုင်ယာနာ မူကြိုကို ကမ္ဘာမှာ အကောင်းဆုံးအဖြစ် ရွေးချယ်ခံရတာ ဖြစ်တယ်။

ဒီလို ဂုဏ်ထူး ဝိသေသရှိတဲ့ မူကြိုကျောင်းမှ ဆရာမများက သူတို့ ကလေးတွေကို မေးမြန်းပြီး"ကလေးတွေးတဲ့ ကလေးအခွင့် အရေး" ကို စုဆောင်း ဖော်ပြထားတာ ဒီစာအုပ်ပါပဲ။

## ၂။ မေးမြန်းပုံ၊ အဖြေရယူပုံ

ဆရာမများက ကလေးတွေကို ကျား/မ အုပ်စု ခွဲပါတယ်။ ယောက်ျားလေးနှင့် မိန်းကလေး အမြင်မတူတာ ရှိ မရှိ ပေါ်လွင်စေချင်လို့ ဒီလိုခွဲခြားတာပါ။ နောက်ထပ်ပြီး ယောက်ျားကလေး ၃ ယောက်တစ်ဖွဲ့၊ မိန်းကလေး ၃ ယောက်တစ်ဖွဲ့ ဖွဲ့ပြီး ဆရာမများက တစ်ဖွဲ့စီနှင့် စကားပြောပါတယ်။ ရှင်းပြ မေးမြန်း၊ ဆိုတာတွေကို အသံသွင်း ယူထားတယ်။ အကြိမ်ကြိမ် ဒီလိုတွေ့ဆုံ မေးမြန်းပြီးတဲ့ နောက်မှာ ပိုပြီး အုပ်စုကြီးတဲ့ ကျား/မ ခွဲထားတဲ့ အုပ်စုနှင့် စုံညီ ထပ်မံတွေ့တယ်။ အသံသွင်းထားတာကို ပြန်ဖွင့်ပြ၊ အမေးအဖြေ ပြန်လုပ်၊ ထပ်မံ ဆွေးနွေးတယ်။

ဒီလို အကြိမ်ကြိမ်လုပ်ပြီးတဲ့ အခါမှာ ဆရာမများက အချက်အလက်တွေကို မေးခွန်းအလိုက်"ကလေးသဘောထား" စုဆောင်းလိုက်တယ်။ အခွင့်အရေး တစ်မျိုးစီနှင့်ဆိုင်တဲ့ မေးခွန်းတွေကို အီတလီ ဝေါဟာရအရ အခွင့်အရေးရဲ့ အက္ခရာစဉ်နှင့် စီစဉ်ဖော်ပြပေးတာ ဖြစ်ပါတယ်။

ကလေးတွေကိုမေးပြီး၊ ကလေးသဘောထားကို ဖော်ပြတာပါပဲ။ သို့သော်လည်း မေးခွန်း ခေါင်းစဉ်တွေကတော့ လူကြီးဝေါဟာရနှင့်ပဲ ဖော်ပြရပါတယ်။ ဥပမာ-သူငယ်ချင်း အပေါင်းအသင်း၊ ယဉ်ကျေးမှု မတူတဲ့ အခါ၊ လွတ်လပ်နှင့် … စသည် ပါဝင်ပါတယ်။ ကလေးတွေက ဒီဝေါဟာရတွေ မသုံးပါဘူး။ ဆရာမများက နားလည်အောင် ရှင်းပြပြီးမှ သူတို့ ပေးတဲ့ သဘောထားကို ဖော်ပြပေးတာ ဖြစ်ပါတယ်။

ကလေးများ ရဲ့ သဘောထား စုံလင်တဲ့ အခါမှာ ခြုံငုံပြီး ဆရာမများ က "ကလေးအခွင့် အရေး ပဋိညာဉ်စာတမ်း" မူကြမ်းပုံစံ အဆိုပြုပါတယ် ။ ဒ့ါပြင် "ဆရာ ဆရာမ အခွင့်အရေး" နှင့် "မိဘအခွင့်အရေး" တွေလ ည်း အဆိုပြုထားပါတယ်။ အရေးကြီးတာက ကလေးတို့ အတွေးပဲဖြစ် လို့ ကုလသမဂ္ဂ လေသံပါတဲ့ ဆရာ အခွင့်အရေးနဲ့ မိဘအခွင့်အရေး မူကြမ်းတွေကိုတော့ မဖော်ပြတော့ပါဘူး။

ဒီစာအုပ်မှာ ပါတဲ့ ကလေးများ နှင့် အမေးအဖြေကို မူရင်းမပျက် အောင် စီစဉ်ရိုက်နှိပ်ပါတယ်။ မူရင်း အီတလီဘာသာ စကားကိုတော့ မြ န်မာများ အတွက် မလိုအပ်တဲ့ အတွက် မြန်မာပြန်နှင့် အစားထိုးပါတယ် ။ အင်္ဂလိပ်ဘာသာက မူရင်းအတိုင်းပါပဲ။

"ကလေးအခွင့်အရေး၊ ကလေးအမြင်" ပေါ်လွင်သမျှကို မြန်မာမိဘ များ သတိပြုတန်သရွေ့ သတိပြုမိ စေလိုသောဆန္ဒဖြင့် မျှဝေခြင်း ဖြစ်ပါ တယ်။

- ဘိုးလှိုင်





အာကာသယာဉ်

# ကလေးအခွင့် အရေးဆိုတာ ဘာလဲ
## ( ၄ နှစ် ၁၁ လမှ ၅ နှစ် ၇ လသမီး မိန်းကလေးများ အတွေး )

သမီးတို့ မှာ ကစားဖို့ အခွင့်အရေးရှိတယ်။ ဒါပေမဲ့ ကစားချင်မှ ကစားမယ်။ အခွင့်အရေးဆိုတာ တစ်ခုခုကို လုပ်ချင်လျှင် လုပ်လို့ ရတယ်လို့ ဆိုတာပဲ။။ ဘာအခွင့်အရေးတွေ ရသင့်သလဲကို မြို့တော်ဝန်နဲ့ အီတလီ နိုင်ငံသားတွေက ဆုံးဖြတ်တယ်။ အဖေတွေရဲ့ အခွင့်အရေးတွေအကြောင်း ပြောဆိုသံ၊ ကလေးတွေ ကြားဖူးတယ်။ ကလေးအခွင့် အရေးအကြောင်း ပြောသံတွေလည်း ကလေးတွေ ကြားရတယ်။ အဖေတွေက ကလေးအခွင့်အရေး ပြောဆိုတာတွေကို နားထောင်ရမယ်။



## Definition of rights

## ( gs seen by girls of 4. 11 to 5. 7 years old )

We have the right to play, but we don't have to. "Rights" means that you can do something.

The Mayor and the Italians decide about rights.

Children listen to the rights of their fathers. Children listen to the rights of children. Fathers have to listen to the rights of children.

***

## ကလေးအခွင့်အရေးဆိုတာ ဘာလဲ


## ( ၄ နှစ် ၁၁ လမှ ၅ နှစ် ၁၇ လသား ယောက်ျားလေးများ အတွေး )

တာဝန်ဆိုတာ လုပ်ရမည့် အလုပ်ပဲ။ အခွင့်အရေး ဆိုတာကတော့ ရှိဖို့ လိုအပ်ချက်ပါပဲ။

အခွင့်အရေးဆိုတာ ဥပဒေလိုဟာမျိုး ဖြစ်တယ်။

သက်ဆိုင်တဲ့ အလုပ်ကို လုပ်ခွင့်ပေါ့။

အခွင့်အရေး။ မရှိလို့ မဖြစ်ဘူး။ အခွင့်အရေး မရှိရင် ဘယ်လိုမှ ပျော် ပျော်ရွှင်ရွှင်နေလို့ မဖြစ်နိုင်ဘူး။



Definition of rights

( as seen by boys of 4. 11 to 5. 10 years old )

Duties are the things you have to do, and rights are the things you need to have.

Rights means something like the law.

The rights to do it.

Rights, Jo need to have them. If not, you're not happy.

***